**Burma Democratic Futures Working Group - BDFWG**

**University of Virginia**

# အောက်တိုဘာလအတွင်း ဖြစ်ရပ်များ အကျဉ်းချုပ်သုံးသပ်ချက်

## နိဒါန်း

အောက်တိုဘာလအတွင်း ထူးခြားသောအဖြစ်အပျက်တခုမှာ မြောက်ပိုင်းမဟာမိတ်ညီနောင် (၃)ဖွဲ့ ဟု သိထားကြသော MNDAA, TNLA နှင့် AA တို့က ပူးတွဲဖော်ဆောင်သော Operation 1027 ဖြစ်ပါသည်။ ထိုစစ်ဆင်ရေးသည် ဒီမိုကရေစီတော်လှန်ရေးအပေါ် သက်ရောက်မှုကြီးနိုင်ပြီး၊ နောက်ဆက်တွဲအကျိုးဆက် များ မည်သို့ဖြစ်လာနိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်ပါသည်။ ကယား(ကရင်နီ)ပြည်နယ်နှင့် ချင်းပြည်နယ် တို့ရှိ တော်လှန်ရေးအင်အားစုများကလည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲရန် ပြင်ဆင်လာ ကြသည့် သတင်းများသည်လည်း ထူးခြားသော သတင်းများဖြစ်ပါသည်။ ထို့ပြင် စစ်ကောင်စီတပ်အတွင်း တွင်လည်း မတည်ငြိမ်မှုများ ဆက်လက်တွေ့နေရပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် သည် အဂတိမှုစွတ်စွဲချက်များဖြင့် စစ်ခုံရုံးမှ ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ပါသည်။ ထို့ပြင် ရာထူးမှထုတ်ပယ်ခံထားရပြီး စစ်ဆေးခံနေရသော ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည်လည်း အဂတိမှုဖြင့်ပင် ထောင်ဒဏ်တသက်တကျွန်းဒဏ် ကျခံခဲ့ရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်ထားလာသလို၊ အခြားသော စစ်ကိုင်း၊ မကွေး၊ ကရင်၊ ကယား (ကရင်နီ)ပြည်နယ်များတွင်လည် စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ် ပါသည်။

၁။ ကရင်နီပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တော်လှန်ရေးအင်အားစုများက အသွင်ကူးပြောင်းရေး ကာလဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီဖွဲ့စည်းခဲ့ကြခြင်း

မြန်မာနိုင်ငံ၏ ဒီမိုကရေစီတော်လှန်ရေးတွင် တော်လှန်ရေးအဖွဲ့အစည်းပေါင်းစုံ ပေါက်ထွက်လာ ခဲ့သလို၊ ယခင်ရှိ ပြီးထားသော လူမျိုးစုအခြေခံတော်လှန်ရေးအဖွဲ့အစည်းများသည်လည်း အဖွဲ့ပေါင်း (၂၀) ခန့် ရှိထားပြီးဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများသည် ဒီမိုကရေစီတော်လှန်ရေးကာလအတွင်း လူမျိုးစုအခြေခံအားဖြင့်လည်းကောင်း၊ နိုင်ငံရေးသဘောထားအခြေခံအားဖြင့်လည်းကောင်း စုစည်းမိလာခဲ့ကြသည်။ ဤသို့ အင်အားစုများထဲတွင် ချင်းပြည်နယ်နှင့် ကယား(ကရင်နီ)ပြည်နယ်ရှိ တော်လှန်ရေးအင်အားစုများသည် ၎င်းတို့ သက်ဆိုင်ရာပြည်နယ်များအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ(မူကြမ်း)များကို ရေးဆွဲထား ကြရန် စတင်လုပ်ဆောင်ခဲ့ကြသည်။

ချင်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)တပ်ရပ် ရေးဆွဲနိုင်ရန် ချင်းအမျိုးသားတပ်ဦး (Chin National Front – CNF) ဦးဆောင်၍ အခြားတော်လှန်ရေးအင်အားစုများဖြင့် Working Committee of Chinland Council Conference – WCCCC ကို စက်တင်ဘာလ ၂၂ ရက်နေ့၌ ဖွဲ့စည်းခဲ့ကြသည်။ ထိုကော်မတီ၏ အဓိကလုပ်ငန်းဖြစ်သော ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အစည်းအဝေးများလည်း ဤအောက်တိုဘာလအတွင်း ကျင်းပခဲ့ကြပြီး၊ စတင်ရေးဆွဲနေကြပါသည်။

အလားတူပင် ကယား(ကရင်နီ)ပြည်နယ်တွင်လည်း တော်လှန်ရေးအင်အားစုများက စုဖွဲ့ထားကြ သော Karenni State Consultative Council – KSCC က အသွင်ကူးပြောင်းရေးကာလပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတရပ်ကို အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။ ထိုကော်မတီကိုလည်း ကယား(ကရင်နီ)ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ လူမျိုးစုအခြေခံ ပြည်နယ်များနှင့် ၎င်းပြည်နယ်များရှိ တော်လှန်ရေးအင်အားစုများက အနာဂတ်ကာလအတွက် သက်ဆိုင်ရာပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲကြရာတွင် လည်း များစွာစိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမပေါ် ပေါက်လာသေးမီ အဆိုပါပြည်နယ်များက မိမိတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲရန် ကြိုးစားလာ ကြခြင်းသည် အနာဂတ်ဖက်ဒရယ်စနစ်အတွက် မည်သို့ သက်ရောက်နိုင်ချေရှိသနည်းဆိုသည်မှာ စဉ်းစားသုံးသပ်ရန် ရှိပါသည်။

၂။ မြောက်ပိုင်းမဟာမိတ်(၃)ဖွဲ့၏ Operation 1027

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော စစ်ရေး ပဋိပက္ခများအနက် အကြီးဆုံးစစ်ဆင်ရေးဖြစ်သော စစ်ဆင်ရေးကြီးတခုကို မြောက်ပိုင်းမဟာ မိတ်ညီနောင် (၃)ဖွဲ့ဟု လူသိများသည့် Myanmar National Democratic Alliance Army – MNDAA, Arakan Army – AA နှင့် Taang National Liberation Army – TNLA သုံးဖွဲ့က အောက်တိုဘာလ ၂၇ ရက်နေ့တွင် စတင်ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် ပါဝင်ကြသည့် စစ်အင်အားသည်လည်း ထောင်သောင်းချီများပြား သလို၊ စစ်ဆင်ရေးနယ်မြေသည်လည်း ကျယ်ဝန်းသည်ဟု ဆိုနိုင်ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ်မြို့ဖြစ်သော မူဆယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှသည် မန္တလေးတိုင်း၊ မိုးကုတ်မြို့ နယ်နှင့် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်အထိ ပါဝင်သည်ဟု ဆိုနိုင်ပါသည်။

ဤစစ်ဆင်ရေးကို စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်တော်လှန်ရေး၊ ကိုး ကန့်ဒေသကိုယ်ပိုင်အုပ်ချုပ်နိုင်ရေးနှင့် အွန်လိုင်းလောင်းကစား၊ ငွေလိမ်ဂိုဏ်းများကို နှိမ်နင်းရေးဟူသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည်ဟု MNDAA က ကြေညာထားပါသည်။ ဤစစ်ဆင်ရေး၏ အဓိက ဗဟို ချက်သည် အွန်လိုင်းငွေလိမ်ဂိုဏ်းများအခြေစိုက်လုပ်ဆောင်နေသော ကိုးကန့်ဒေသဖြစ်သလို၊ ဤစစ်ဆင်ရေးမှတဆင့် MNDAA သည် ကိုးကန့်ဒေသကို ပြန်လည်ထိန်းချုပ်နိုင်ရန် ရည်ရွယ်ချက်ရှိနေပါသည်။ ထို့ကြောင့် ဤစစ်ဆင်ရေးသည် အဓိကအားဖြင့် MNDAA အဖွဲ့၏ ကိုးကန့်ဒေသပြန်လည်သိမ်းပိုက်ရေးနှင့် ကိုယ်ပိုင် အုပ်ချုပ်နိုင်ရေးကို ရည်ရွယ်ဖော်ဆောင်ခြင်းဖြစ်သည့်အတွက် နယ်မြေသိမ်းပိုက်နိုင်ခြင်း ရှိမရှိဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး၊ ဤစစ်ဆင်ရေးကြောင့် မြန်မာ့ဒီမိုကရေစီတော်လှန်ရေးတွင် မည်သည့်အပြောင်း အလဲများ၊ အချိုးအကွေ့များဖြစ်လာနိုင်မည်လဲဆိုသည်မှ စဉ်းစားဖွယ်ဖြစ်ပါသည်။

ဤစစ်ဆင်ရေးသည် တရုတ်နိုင်ငံသားများက အဓိကလုပ်ကိုင်သော ကျားဖြန့်လုပ်ငန်းခေါ် အွန်လိုင်း ငွေလိမ်လုပ်ငန်းများကိုလည်း တိုက်ဖျက်ရန် ဦးတည်ထားပါသည်။ တရုတ်နိုင်ငံကို အဓိကဒုက္ခပေးနေသော ထိုအွန်လိုင်းငွေလိမ်လုပ်ငန်းများကို တရုတ်အစိုးရက မြန်မာစစ်ကောင်စီအားလည်းကောင်း၊ ထိုဒေသရှိ လက်နက်ကိုင်အဖွဲ့အစည်းများအားလည်းကောင်း ဖမ်းဆီးပေးရန် ဖိအားပေးလာခဲ့သည်မှာ လအတန်ကြာခဲ့ သည်။ အွန်လိုင်းငွေလိမ်သူများသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လည်းကောင်း၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (United Wa State Party – UWSP) အခြေစိုက်သည့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင်လည်းကောင်း၊ ကရင်ပြည်နယ်ရှိ Border Guard Forces – BGF အခြေ စိုက်သည့် ရွှေကုက္ကိုမြို့တွင်လည်းကောင်း အဓိကအခြေစိုက်လုပ်ကိုင်နေကြသည်။ ထိုအွန်လိုင်းငွေလိမ်လုပ် ငန်းများသည် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားများကို လိမ်လည်ခေါ်ဆောင်၍ ၎င်းတို့လုပ်ငန်းများတွင် ဖိနှိပ် ညှင်းပန်းခိုင်းစေကြသည်။ ထိုလုပ်ငန်းများတွင် အများဆုံးလုပ်ကိုင်သူများမှာ တရုတ်နိုင်ငံသားများဖြစ်ကြ သည်။ ထိုသို့ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ ကျူးလွန်လာသော အွန်လိုင်းငွေလိမ်ဂိုဏ်းများကို လက်ခံထား သည့်အထဲတွင် ကိုးကန့်ဒေသရှိ အာဏာပိုင်များလည်း ပါဝင်ပါသည်။ တရုတ်အစိုးရက ဖိအားပေး သော်လည်း ကိုးကန့်ဒေသတွင် အွန်လိုင်းငွေလိမ်လုပ်ငန်းကို ထိထိ ရောက်ရောက် တိုက်ဖျက်နိုင်ခြင်းမရှိခဲ့ပါ။

ထိုနောက်ခံအခြေအနေတွင် Operation 1027 ပေါ်ပေါက်လာခြင်းဖြစ်သည့်အတွက် ထိုစစ်ဆင်ရေး ၏ နောက်ကွယ်တွင် တရုတ်အစိုးရပါဝင်ပတ်သက်နေသည်ဟု

သုံးသပ်မှုများလည်းရှိပါသည်။ သို့သော် MNDAA သည် ကိုးကန့်ဒေသပြန်လည်သိမ်းပိုက်နိုင်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ရည်ရွယ်ချက်ရှိ ထားသောကြောင့် ၎င်းအနေဖြင့်မူ တရုတ်၏ သဘောထားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စစ်ရေးအရ အခွင့်သာလျှင် ဝင်ရောက်တိုက်ခိုက်မည်မှာ သေချာပါသည်။

အခြားတဖက်တွင်လည်း ဤစစ်ဆင်ရေး၏ ရည်ရွယ်ချက်တရပ်အနေဖြင့် စစ်အာဏာရှင်စနစ်တိုက် ဖျက်ရေးရည်ရွယ်ချက်တရပ်လည်းပါဝင်နေရာ ဤမြောက်ပိုင်းမဟာမိတ်ညီနောင် (၃)ဖွဲ့အနေဖြင့် လက်ရှိဒီမို ကရေစီတော်လှန်ရေးနှင့် မည်ကဲ့သို့ ဆက်စပ်လုပ်ဆောင်မည်ဆိုသည်မှာလည်း စဉ်းစားရန်ရှိပါသည်။ လက်ရှိတွင် ဤစစ်ဆင်ရေး၌ ဒီမိုကရေစီတော်လှန်ရေးအင်အားစုများလည်း ပါဝင်နေကြပြီဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ People’s Defense Forces – PDFs များ၊ Bamar People’s Liberation Army – BPLA နှင့် People’s Liberation Army – PLA တို့လည်း ဤစစ်ဆင် ရေးတွင် ပါဝင်တိုက်ခိုက်နေကြပြီဖြစ်၍ ဤစစ်ဆင်ရေးကြီးအား ဒီမိုကရေစီတော်လှန်ရေးနှင့် မည်သို့ပေါင်း ကူးနိုင်ခြင်းရှိ မရှိဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်ပါသည်။

၄။ တရုတ်အစိုးရ၏ ပြည်သူ့လုံခြုံရေးဝန်ကြီး Mr.Wang Xiaohong မြန်မာပြည်ရောက်လာခဲ့

Operation 1027 စတင်ဖြစ်ပွားသော အောက်တိုဘာလ ၂၇ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် တရုတ်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Mr. Wang Wenbin က “တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင်ဖြစ်ပွားနေသော ပဋိပက္ခကို အနီးကပ် စောင့်ကြည့်နေ ကြောင်း၊ သက်ဆိုင်သူ အားလုံး ချက်ချင်းအပစ်ရပ်ကြရန်နှင့် မတူကွဲပြားမှုများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်း၍ ငြိမ်းချမ်းသည့် နည်းဖြင့် ဖြေရှင်းရန် တိုက်တွန်းကြောင်း” တောင်းဆိုခဲ့သည်။ ထို့ပြင် လက်ရှိအခြေအနေ အရှိန်မြင့်လာမည့် အရေးကို ရှောင်ရှားပြီး တရုတ်-မြန်မာနယ်စပ် တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့သည်။

မြောက်ပိုင်းမဟာမိတ်ညီနောင်များဖြစ်သော MNDAA, TNLA, AA တို့၏ Operation 1027 ကြီး ဖြစ်လာပြီးနောက် ၃ ရက်အတွင်း တရုတ်နိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီး Mr.Wang Xiaohong သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး၊ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပါ သည်။ တရုတ်-မြန်မာနယ်စပ်တွင် တိုက်ပွဲများပြင်းထန်နေချိန်၌ တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့် ဝန်ကြီး တဦးက မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး၊ စစ်ခေါင်းဆောင်နှင့် တွေ့ဆုံမှုသည် ထူးခြားမှုတခုဖြစ်ပါသည်။ စစ်တပ်အာဏာသိမ်းပြီး ၃ နှစ်အတွင်း တရုတ်အစိုးရ၏ဝန်ကြီးအဆင့် ပုဂ္ဂိုလ်အဖြစ် လွှန်ခဲ့သော မေလက နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ချင်းဂန်လာပြီးနောက် တဦးတယောက်မှ မြန်မာနိုင်ငံသို့ လာရောက်ခြင်းမရှိသည် ကို တွေ့ရသည်။ ထို့ကြောင့် တရုတ်အစိုးရ၏ ပြည်သူ့လုံခြုံရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်သည် တရုတ်-မြန်မာနယ်စပ် တိုက်ပွဲများနှင့်ဆက်စပ်ပတ်သက်မှုရှိနိုင်မည်ဟု သုံးသပ်ကြပါသည်။

၃။ စစ်တပ်၏ ထိပ်ပိုင်းအဆင့်တာဝန်ရှိသူတဦးဖြစ်သူ ဗိုလ်ချုပ်ကိုကိုမောင် အဂတိမှုနှင့် ထောင်ချခံရ

အခုလပိုင်းအတွင်း စစ်ကောင်စီအဖွဲ့အတွင်း၊ စစ်ကောင်စီတပ်အတွင်း၊ စစ်ကောင်စီ၏ အစိုးရအဖွဲ့ အတွင်း ထိပ်ပိုင်းခေါင်းဆောင်များ ဖြုတ်ခံရခြင်း၊ ထုတ်ခံရခြင်း၊ ထောင်ချခံရခြင်းများ ဆက်တိုက်ဖြစ်လာခဲ့ သည်။ ယခုအောက်တိုဘာလထဲတွင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည်လည်း အဂတိမှုစွတ်စွဲချက်များ ဖြင့် ထောင်တသက်တကျွန်းပြစ်ဒဏ် ချခံခဲ့ရသည်။ ယခုနောက်ဆုံးအနေဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်သည်လည်း အဂတိမှုဖြင့် ထောင် ၁၀ နှစ်ချခံခဲ့ရသည်။

ထိုသို့ စစ်ဗိုလ်ချုပ်အချို့ ရှေ့ဆင့်နောက်ဆင့် အရေးယူခံရခြင်းများနှင့် စစ်ကောင်စီအစိုးရအဖွဲ့တွင်း အပြောင်းအလဲများသည် စစ်ကောင်စီ၏ မတည်ငြိမ်မှုကို ပြနေသည်ဟု လေ့လာသူအချို့က သုံးသပ်နေ ကြသည်။

**စစ်ရေးပဋိပက္ခ**

စစ်ရေးပဋိပက္ခသည် အောက်တိုဘာလအတွင်း ပိုမိုပြင်းထန်လာပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်း၊ တရုတ်-မြန်မာနယ်စပ်တွင် ပြင်းထန်သော စစ်ဆင်ရေးကြီးတရပ်ကို မြောက်ပိုင်းမဟာမိတ်ညီ နောင်(၃)ဖွဲ့ဖြစ်သော MNDAA, AA နှင့် TNLA တို့က အောက်တိုဘာလ ၂၇ ရက်နေ့တွင် စစ်ကောင်စီအပေါ် ပူးတွဲဆင်နွှဲလိုက်သည့် Operation 1027 သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်သာမက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့အထိ ကျယ်ပြန့်လာပြီး စစ်ရေးပဋိပက္ခများသည်လည်း ပိုမိုပြင်းထန် လာခဲ့သည်။

ထို့ပြင် ကယားပြည်နယ်တွင်လည်း စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။ ကယားပြည်နယ်တိုက်ပွဲများတွင် ဖရူဆိုမြို့နယ်နှင့် ဘော်လခဲမြို့နယ် အကြား စစ်ကောင်စီတပ်၏ ထောက်ပို့ယာဉ်များကို ကြားဖြတ်တိုက်ခိုက်မှုများသည် အတော်အတန်ပြင်းထန် ခဲ့ပါသည်။ ကချင်းပြည်နယ်တွင်းလည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး၊ စစ်ကောင်စီ၏ အရေးကြီး သော စခန်းကိုလည်း KIA နှင့် မဟာမိတ်တပ်များက ပူးပေါင်းတိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ စစ်ကိုင်းတိုင်း တွင်လည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် Operation 1027 နှင့် ဆက်စပ်၍ တိုက်ပွဲများ ဖြစ်ပွားနေခဲ့ပါသည်။

**လူ့အခွင့်အရေးချိုးဖောက်မှုများ**


References:

1. https://web.facebook.com/photo?fbid=659941279569738&set=a.200508338846370

2. https://web.facebook.com/photo?fbid=650767173914696&set=pcb.650706887254058

3. https://news-eleven.com/article/283295

4. https://burmese.voanews.com/a/wang-xiaohong-in-npt/7336751.html

5. https://burma.irrawaddy.com/news/short-news/2023/10/24/375690.html

6. https://web.facebook.com/photo/?fbid=773735784766334&set=a.490657273074188